


VOLUME II, ISSUE 11 8 August 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၂ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၅) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပြည်သူသို့ သဝဏ်လွှာပေးပို့ | ၅ |
| ၄ | နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး | ၇ |
| ၅ | (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့်ကြေညာချက်ပါ မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်သည့် စာပိုဒ်အပေါ် မြန်မာနိုင်ငံအနေဖြင့် လက်မခံပယ်ချ | ၈ |
| ၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၂ ထပ်မံထုတ်ပြန် | ၁၁ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကျင်းပ | ၁၂ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၁၄ |
| ၉ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၁၅ |
| ၁၀ | မြို့နယ်အချို့ရှိ PDF အကြမ်းဖက်သမားများက ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး | ၁၆ |
| ၁၁ | မြိုင်မြို့နယ်၊ တွင်းမကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မီးရှို့ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရ | ၁၇ |
| ၁၂ | ပြည်မြို့နယ်၊ မှော်ဇာရွာမကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)မှော်ဇာ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်တစ်ဦးအား အကြမ်းဖက်တိုက်ခိုက် | ၁၉ |
| ၁၃ | မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမားများအား ဖော်ထုတ်ဖမ်းဆီးရမိ | ၂၀ |
| ၁၄ | မြန်မာအမျိုးသမီးများစောင့်ထိန်းအပ်သော မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား လူမှုကွန်ရက်တွင် အခကြေးငွေရယူ၍ ဖြန့်ဝေခဲ့သူ သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့အား ဥပဒေအရ အမှုဖွင့်အရေးယူ | ၂၄ |

# Information Sheet

## ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ





ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တောင်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပါသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသ၏ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီရုပ်မြင်သံကြား ၈-၈-၂၀၂၂)**

- **နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသ၏ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၄ ရက်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ပါသည်။

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က-

- ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ။
- ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာတွေးခေါ်ပြောဆိုပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များနှင့် လိုအပ်ချက်များကို ပြောဆိုနိုင်သည်ဖြစ်သော်လည်း ဥပဒေနှင့်အညီ ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့်သာ ဆွေးနွေးဆောင်ရွက်ရမည်ဖြစ်သည့်အခြေအနေများ။
- ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်သည့် အခြေအနေများ။
- ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကြေအလည် ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုသည့် အခြေအနေများ။
- ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များက ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများတွင် တက်ကြွ






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ စဝ်ခေးတိုင်းတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု**

စွာဖြင့် ဆက်လက်ပါဝင်သွားမည်ဖြစ်သည့်အခြေအနေများ၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည် ဖြစ်သည့်အခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ(Guardian)အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုသည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့်အတူ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကြောင့်(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၃ ရက်တွင် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိခဲ့ပြီး အဆိုပါငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ စဝ်ခေးတိုင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ အမှတ်တရ ဓာတ်ပုံရိုက်ကူးနေမှု**

ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက "**ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့ ၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ**"စသည့် စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကို ကိုင်ဆောင်၍လည်းကောင်း ကြိုဆိုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၈-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့။**
- **ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာတွေးခေါ်ပြောဆိုပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များနှင့် လိုအပ်ချက်များကို ပြောဆိုနိုင်သည် ဖြစ်သော်လည်း ဥပဒေနှင့်အညီ ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့်သာ ဆွေးနွေးဆောင်ရွက်ရမည်။**
- **ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်။**
- **ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများတွင် တက်ကြွစွာဖြင့် ဆက်လက်ပါဝင်သွားမည်ဖြစ်။**
- **တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ(Guardian)အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၅) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပြည်သူသို့ သဝဏ်လွှာပေးပို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၅၅) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပြည်သူသို့ ပေးပို့သည့် သဝဏ်လွှာပါကောက်နုတ်ချက်များမှာ–

- ၁၉၉၉ ခုနှစ်တွင် အာဆီယံအသင်းကြီးကို အရှေ့တောင်အာရှဒေသရှိ နိုင်ငံ(၁၀)နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ပြင်ပဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ရာ ယနေ့တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံ(၁၁)နိုင်ငံ၊ ကဏ္ဍအလိုက် ဆွေးနွေးဖက်နိုင်ငံ(၄)နိုင်ငံ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ(၄)နိုင်ငံအထိ ရှိလာပြီဖြစ်။
- အာဆီယံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျနှင့် သဟာယနိုင်ငံတို့နှင့် အဓိပ္ပာယ်ပြည့်ဝ၍ နှစ်ဖက်အကျိုးရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးကို ထူထောင်ပြီးဖြစ်။
- အာဆီယံ၏အကျိုးစီးပွားနှင့် အမှတ်လက္ခဏာကို မြှင့်တင်နိုင်ရန်နှင့် အာဆီယံ၏ ပြင်ပဆက်ဆံရေးကို ပိုမိုအားကောင်းစေရန်အတွက် တတိယနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၌ အာဆီယံကော်မတီ စုစုပေါင်း (၅၅) ခုကို ကမ္ဘာတစ်ဝန်းရှိ မြို့တော်များနှင့် မြို့ကြီးများတွင်တည်ထောင်ထားပြီးဖြစ်။
- အာဆီယံအဖွဲ့နှင့် ထိတွေ့ဆက်ဆံလိုသော နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးလိုသည့်နိုင်ငံများ ပိုမိုများပြားလာခြင်းသည် အာဆီယံ၏ စံတန်ဖိုးများကို နိုင်ငံတကာမှ ပိုမိုလက်ခံအသိအမှတ်ပြုလာခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိ။
- ယနေ့အချိန်တွင် အာဆီယံသည် အောင်မြင်သော ဒေသတွင်းပေါင်းစည်းမှုပုံစံ တစ်ခုဖြစ်လာပြီး ကမ္ဘာ့ရေးရာကိစ္စရပ်များ၌ အရေးပါသည့်ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည့်အပြင် စီးပွားရေးအရ အာရှတိုက်တွင် တတိယနှင့် ကမ္ဘာတွင် ဆဋ္ဌမမြောက်အဆင့်အထိ ရောက်ရှိအောင်မြင်ခဲ့ပြီဖြစ်။
- အာဆီယံအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါနှင့် နောက်ဆက်တွဲ လူမှုစီးပွားထိခိုက်မှုများကို အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၊ အာဆီယံခရီးသွားစကြံ သဘောတူညီချက်မူဘောင်နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ကူးစက်ရောဂါများအတွက် အာဆီယံဗဟိုဌာနတို့မှတစ်ဆင့် ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့။
- အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးအားပြိုင်မှုတို့မှတစ်ဆင့် ပေါ်ပေါက်လာသည့် ဖိအားများနှင့် လွှမ်းမိုးမှုများကို စုစည်းညီညွတ်စွာ ကြံ့ကြံ့ခံနိုင်စွမ်း ရှိရမည်ဖြစ်ပြီး အာဆီယံ၏ဦးဆောင်မှုအောက်ရှိ ယန္တရားများမှတစ်ဆင့် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သော စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာ ဗိသုကာပုံစံတစ်ရပ်ကို မြှင့်တင်ဖော်ဆောင်ကြရမည်ဖြစ်။
- ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို–ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့အပေါ် အခြေခံပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာကိုင်စွဲထားရန် အလွန်ပင်အရေးကြီး။
- အာဆီယံတူညီဆန္ဒကို အခြေပြုသည့် လမ်းစဉ်နှင့်အတူ လွတ်လပ်မှု၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့မှု၊ သာတူညီမျှမှုနှင့် ဝင်ရောက်မစွက်ဖက်ရေးမူတို့အား အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက လေးစားလိုက်နာခြင်းဖြင့် “မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု”ရှိသည့် အာဆီယံမိသားစုကြီးအဖြစ် တစုတစည်းတည်းဖြစ်စေရုံသာမက ဒေသတွင်းရှိ ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်။
- မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် အာဆီယံအသင်းကြီး၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစ၍ တာ

ဝန်ယူမှု၊ တက်ကြွမှုနှင့် အပြုသဘောဆောင်ရွက်မှုရှိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းမှုများတွင် အားတက်သရော ထောက်ခံပံ့ပိုးခဲ့သည်မှာ အထင်အရှားဖြစ်။

- အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုလုပ်ငန်း အစီအစဉ်-၄(၂၀၂၁-၂၀၂၅)၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း ၂၀၂၅ အပါအဝင် အာဆီယံအသိုက်အဝန်း ထူထောင်မှုလုပ်ငန်းစဉ်များနှင့် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ ၂၀၂၅ ၏ အဓိကလုပ်ငန်းစဉ်များတွင် တိုးတက်မှုရှိစေရေးအတွက် မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိ။
- မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့တွင် ပါရှိသည့် အခြေခံမူများနှင့် စံတန်ဖိုးများအပေါ် ခိုင်မာစွာ ဆက်လက်ရပ်တည်သွားမည်ဖြစ်။

အာဆီယံအသင်းကြီး၏ (၅၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံးကို ဒေသတွင်းနှင့် ဒေသပြင်ပတည်ငြိမ်အေးချမ်းရေး၊ ကြွယ်ဝချမ်းသာရေးတို့အတွက် အာဆီယံအသင်းကြီး၏ မျှော်မှန်းချက်များနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**(မြဝတီသတင်းစာ ၈-၈-၂၀၂၂)**

- **အာဆီယံအဖွဲ့နှင့် ထိတွေ့ဆက်ဆံလိုသော နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးလိုသည့်နိုင်ငံများ ပိုမိုများပြားလာခြင်းသည် အာဆီယံ၏ စံတန်ဖိုးများကို နိုင်ငံတကာမှ ပိုမိုလက်ခံအသိအမှတ်ပြုလာခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိ။**
- **စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့ အပေါ်အခြေခံပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာ ကိုင်စွဲထားရန် အလွန်ပင်အရေးကြီး။**
- **အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု လုပ်ငန်းအစီအစဉ်-၄(၂၀၂၁-၂၀၂၅)၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း ၂၀၂၅ အပါအဝင် အာဆီယံအသိုက်အဝန်းထူထောင်မှုလုပ်ငန်းစဉ်များနှင့် အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၂၅ ၏ အဓိကလုပ်ငန်းစဉ်များတွင် တိုးတက်မှုရှိစေရေးအတွက် မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိ။**
- **မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့တွင် ပါရှိသည့်အခြေခံမူများနှင့် စံတန်ဖိုးများအပေါ် ခိုင်မာစွာ ဆက်လက်ရပ်တည်သွားမည်ဖြစ်။**

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး





နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၅ ရက်နှင့် ၆ ရက်တို့တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ နိုင်ငံရေးပါတီများအစုအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်မှ ပြင်ဆင်လိုသည့်အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ သဘောထားများအား ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြကာ ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း၊ ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ခဲ့ကြပါသည်။

(SSPP) ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၇ ရက်တွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **"ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ"** စသည့်စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကိုင်ဆောင်၍လည်းကောင်း ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၈-၂၀၂၂)**



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးလဲလှယ်နေမှု

- နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့။
- တွေ့ဆုံဆွေးနွေးပွဲ၌ နိုင်ငံရေးပါတီများအစုအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်မှ ပြင်ဆင်လိုသည့် အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ သဘောထားများအား ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြကာ ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပြီး ဩဂုတ်လ ၇ ရက်တွင် (SSPP) မှကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ပြန်လည်ထွက်ခွာခဲ့။

## (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့်ကြေညာချက်ပါ မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်သည့် စာပိုဒ်အပေါ် မြန်မာနိုင်ငံအနေဖြင့် လက်မခံပယ်ချ

(၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည့် အချက်များအရ မြန်မာနိုင်ငံက တူညီဆန္ဒ (၅) ရပ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုမရှိကြောင်း ဖော်ပြချက်နှင့် ရာဇဝတ်မှုကျူးလွန်သူ တရားခံ (၄) ဦးအား “နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအဖြစ်” သုံးနှုန်းထားခြင်းများအပေါ် ကန့်ကွက်ကြောင်း၊ အာဆီယံပဋိညာဉ်စာတမ်းအပိုဒ်(၅)တွင် ဖော်ပြချက်နှင့် သွေဖယ်နေသဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အစည်းအဝေး မတက်ရောက်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားရှိပါသည်။

## သတင်းထုတ်ပြန်ချက်

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဖိတ်ကြားခဲ့ရာ အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၅)တွင် ဖော်ပြချက်နှင့် သိသာထင်ရှားစွာ သွေဖယ်နေသဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တက်ရောက်ခဲ့ခြင်းမရှိပါ။

မြန်မာနိုင်ငံသည် တူညီဆန္ဒ(၅)ချက်ကို တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လက်ခံခဲ့ပါသည်။ ယင်းသို့လက်ခံစဉ်ကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်မှုအပေါ် မူတည်ပြီး နိုင်ငံ့ကောင်းကျိုးအတွက် အာဆီယံပဋိညာဉ် စာတမ်း၊ အာဆီယံနည်းလမ်းနှင့် အာဆီယံစိတ်ဓါတ်တို့နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာပြောကြားခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စကို ပြင်ပမှမစွက်ဖက်ရေး၊ မနှောင့်ယှက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ထက်စီးနင်းမှုမရှိရေးစသည့် "မူ" များကို အာဆီယံအနေဖြင့်လေးစားသင့်ပြီး မြန်မာနိုင်ငံသည် မိမိ၏ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်နေမှုကို လေးစားရန်လိုပါသည်။

(၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်ပါ "မြန်မာနိုင်ငံ၏ဖြစ်ပေါ် တိုးတက်မှုများ" ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံက တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုမရှိကြောင်း ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ အမှန်တကယ်ကြိုးပမ်းဆောင်ရွက်နေမှုများကို မျက်ကွယ်ပြု၍ လျစ်လျူရှုရာရောက်သည့်အတွက် ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတွင်းငြိမ်းချမ်း၊ တည်ငြိမ်မှုရရှိရေးအတွက် ကြိုးပမ်းနေသကဲ့သို့ တစ်ချိန်တည်းမှာပင် တူညီဆန္ဒ (၅) ရပ် အကောင်အထည်ဖော်ခြင်းကို လက်ရှိအာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယား၏ အထူးကိုယ်စားလှယ်နှင့် အပြုသဘောနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက် အစိုးရက ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင်ဦးဆောင်၍ ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်နေခြင်းသည် သိသာထင်ရှားသည့် တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် ထာဝရငြိမ်းချမ်းမှုရရှိရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တိုင်းရင်းသားလက်နက်ကိုင် (၁၀) ဖွဲ့နှင့်တွေ့ဆုံခဲ့ပြီး၊ ညှိနှိုင်းရေးကော်မတီသည်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် အခြားအဖွဲ့အစည်းများနှင့် (၇၅) ကြိမ်တွေ့ဆုံကာ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးအတွက် ပွင့်လင်းစွာဆွေးနွေးလျက်ရှိပါသည်။

အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အစွမ်းကုန်ကြိုးပမ်းနေသော်လည်း NUG နှင့် PDF များက အကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်နေပြီး ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများစွာ သေဆုံးဒဏ်ရာရမှုများကိုလည်း အစိုးရမှအချိန်နှင့်တစ်ပြေးညီ တရားဝင်သတင်းများ ထုတ်ပြန်အသိပေးခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြင်ပနိုင်ငံများသည် မြန်မာနိုင်ငံကို ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရေးကူညီရန် အမှန်တကယ်ဆန္ဒရှိသည်ဆိုပါက အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် PDF တို့နှင့် ထိတွေ့ဆက်ဆံရန် ပြောဆိုမှုများနှင့် အားပေးသည့်လုပ်ရပ်များကို ရှောင်ရှားသွားရမည်ဖြစ်သည်။

တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသည့် နောက်ထပ်ကိစ္စရပ်တစ်ခုမှာ AHA စင်တာမှ တစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နေခြင်းပင်ဖြစ်ပါသည်။ လူသားချင်းစာနာမှုအကူအညီများ လိုအပ်နေသူများထံသို့ မျှတမှုရှိပြီး ခွဲခြားဆက်ဆံမှုမရှိဘဲ ပေးပို့ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်သည့်အခါတွင် မြန်မာနိုင်ငံက လက်တွေ့ဆောင်ရွက်နေသော ပကတိအခြေအနေများကို မှန်မှန်ကန်ကန်ထည့်သွင်းစဉ်းစားပြီး မျှတစွာသုံးသပ်ရန် လိုအပ်ပါသည်။ တစ်ဖက်သတ် သုံးသပ်ခြင်းမျိုး မဆောင်ရွက်သင့်ပါ။

(၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်တွင် အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုကျူးလွန်သူ(၄)ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့သည့်ကိစ္စအား စိုးရိမ်ကြောင်းဖော်ပြခဲ့ခြင်းနှင့် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူတို့မှ AICHR ကိုယ်စားလှယ်များက ဝေဖန်ပြစ်တင်သည့် ပူးတွဲထုတ်ပြန်ချက်တို့တွင် ယင်းပြစ်မှု

ကျူးလွန်သူများကို "နိုင်ငံရေးတက်ကြွသူများအဖြစ်" ဖော်ပြချက်သည် ပကတိအခြေအနေမှန်မဟုတ်ဘဲ မှန်ကန်မှုမရှိလွဲမှား နေ၍ ကန့်ကွက်ပါသည်။

ရာဇဝတ်မှုကျူးလွန်သူ တရားခံ(၄)ဦးသည် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဖြစ်ခြင်းကြောင့် ၎င်းတို့အား သေဒဏ်အပြစ်ဒဏ်ချမှတ်ခံရခြင်းမဟုတ်ဘဲ နိုင်ငံတော်အတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်ပြီး လူမဆန်သည့် သတ်ဖြတ်ကျူးလွန်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရာတွင် စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ တရားဥပဒေအရ အရေးယူခဲ့ရကြောင်းကို အာဆီယံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများထံ သက်သေအထောက်အထားများနှင့်တကွ ရှင်းလင်းသည့်စာများ မြန်မာနိုင်ငံက ပေးပို့ထားခဲ့သော်လည်း ယခုကဲ့သို့ "နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ"အဖြစ် ပူးတွဲထုတ်ပြန်ချက်တွင် သုံးနှုန်းဖော်ပြခြင်းသည် လျော်ကန်မှုမရှိပါ။

မြန်မာနိုင်ငံသည် မိမိတို့ချမှတ်ထားသော ဦးစားပေးရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အာဆီယံနှင့်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံ"မူ"များ၊ အလေ့အထများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အာဆီယံတူညီဆန္ဒ (၅) ရပ်ကိုလည်း မြန်မာပိုင်၊ မြန်မာဦးဆောင်မှုဖြင့် လက်ရှိအာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့်အတူ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မထိခိုက်စေဘဲ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရေရှည်ခိုင်မာသော အာဆီယံအဖွဲ့အစည်းဖြစ်စေရန်အတွက် အာဆီယံပဋိညာဉ် စာတမ်းတွင်ပါရှိသည့် သာတူညီမျှရှိမှု၊ အားလုံးပါဝင်နိုင်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးတို့ကို လေးစားလိုက်နာရေးစသည့် အခြေခံမူများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း လိုက်နာပါမှသာလျှင် အာဆီယံ၏အချက်အချာကျမှုနှင့် စုစည်းညီညွတ်မှုကို ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်ပါ မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်သည့် စာပိုဒ်အပေါ် မြန်မာနိုင်ငံအနေဖြင့် လက်မခံပယ်ချပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်**

**(မြဝတီသတင်းစာ ၆-၈-၂၀၂၂)**

- **(၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဖိတ်ကြားခဲ့သဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တက်ရောက်ခဲ့ခြင်းမရှိခဲ့။**
- **အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စကို ပြင်ပမှမစွက်ဖက်ရေး၊ မနှောင့်ယှက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ထက်စီးနင်းမှုမရှိရေးစသည့် "မူ" များကို အာဆီယံအနေဖြင့် လေးစားသင့်ပြီး မြန်မာနိုင်ငံသည် မိမိ၏ ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုကို လေးစားရန်လို။**
- **ရာဇဝတ်မှုကျူးလွန်သူ တရားခံ(၄)ဦးသည် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဖြစ်ခြင်းကြောင့် ၎င်းတို့အား သေဒဏ်အပြစ်ဒဏ်ချမှတ်ခံရခြင်းမဟုတ်ဘဲ နိုင်ငံတော်အတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်ပြီး လူမဆန်သည့် သတ်ဖြတ်ကျူးလွန်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရာတွင် စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းဖြစ်။**

- **တရားဥပဒေအရ အရေးယူခဲ့ရကြောင်းကို အာဆီယံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများထံ သက်သေအထောက်အထားများနှင့်တကွ ရှင်းလင်းသည့်စာများ မြန်မာနိုင်ငံက ပေးပို့ထားခဲ့သော်လည်း ယခုကဲ့သို့ “နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအဖြစ်” ပူးတွဲထုတ်ပြန်ချက်တွင် သုံးနှုန်းဖော်ပြခြင်းသည် လျော်ကန်မှုမရှိ။**
- **အာဆီယံတူညီဆန္ဒ(၅)ရပ်ကိုလည်း မြန်မာပိုင်၊ မြန်မာဦးဆောင်မှုဖြင့် လက်ရှိအာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့်အတူ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မထိခိုက်စေဘဲ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၂ ထပ်မံထုတ်ပြန်

ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂) သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဩဂုတ်လ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၃၆/၂၀၂၂)အား ထပ်မံသတင်းထုတ်ပြန်ထားပါသည်။

## သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်း၌နေထိုင်သူများ၏ ပြည်ပမှ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော နိုင်ငံခြားသုံးငွေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံခြားသုံးငွေများ ပြည်ပသို့ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)ကို (၃-၄-၂၀၂၂)ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကိုသာ အထက်ပါအပိုဒ်(၂)ပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၅။ ဤအမိန့်ကြော်ငြာစာကို လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

**သန်းညိန်း**

**ဥက္ကဋ္ဌ**

**(မြဝတီသတင်းစာ ၆-၈-၂၀၂၂)**

- **မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဩဂုတ်လ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၃၆/၂၀၂၂)အား ထပ်မံသတင်းထုတ်ပြန်ခဲ့ပြီး ၎င်းအမိန့်ကြော်ငြာစာကို လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်။**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကျင်းပ



ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကို ဩဂုတ်လ ၃ ရက်တွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌက–

- ကချင်ပြည်နယ်တွင် ကူညီလှူဒါန်းငွေများဖြင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့တွင် တိုက်ပွဲရှောင်များပြန်လည်နေရာချထားရေးအတွက် နေအိမ် ၈၈ လုံး ဆောက်လုပ်ပြီး ၂၅ လုံး ပြုပြင်ပေးခဲ့ကာ မြစ်ကြီးနား၊ မိုးမောက်၊ မံစီ၊ ပူတာအိုနှင့် ချီဖွေမြို့တို့တွင် စုစုပေါင်းနေအိမ် ၅၉၅ လုံး ဆောက်လုပ်ပြီးစီးခဲ့ကြောင်း။
- ကရင်ပြည်နယ်၊ လှိုင်းဘွဲ့နှင့် မြိုင်ကြီးငူဒေသရှိ စခန်းနှစ်ခု ပိတ်သိမ်းကာ အိမ်ထောင်စု ၄၆၃ စုကို ပြန်လည်နေရာချထားပေးနိုင်ခဲ့ကြောင်း။
- ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၌ အိမ်ထောင်စု ၈၉၁ စု အတွက် ငွေကျပ် ၄၁၈ သန်းကျော်ထောက်ပံ့၍ နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိပြီး ထပ်မံ၍ အိမ်ထောင်စု ၅၀၀ အတွက် ငွေကျပ် ၂၃၆ သန်းကျော်ထောက်ပံ့ပြီး ပြန်လည်ပို့ဆောင်ရန် စီစဉ်ထားရှိကြောင်း။
- ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာမှ အိမ်ထောင်စု ၃၂၃ စု၊ မင်းပြားမြို့နယ်၊ ဖားပြို(ရခိုင်)ကျေးရွာမှ အိမ်ထောင်စု ၈၂ စု၊ ကျောက်ဖြူမြို့နယ်၊ ကျောက်တစ်လုံးစခန်းမှ အိမ်ထောင်စု ၃၆၈ စုတို့ကို နေအိမ်များပြန်လည်တည်ဆောက်ပြုပြင်၍ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာအဝင်လမ်းပြုပြင်ခြင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်းနှင့် စာသင်ကျောင်းများဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း။
- ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်၊ ပင်လုံနှင့် ချောင်းဆာကျေးရွာအုပ်စုတို့မှ မီးလောင်ပျက်စီးသောနေအိမ် ၁၂၇ လုံး အတွက် သတ်မှတ်နှုန်းထားများအလိုက် ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး မန်တုံမြို့နယ်၊ မြို့မရပ်ကွက်ရှိ စခန်းနှစ်ခုအတွက် တန်ဖိုးနည်းနေအိမ် ၅၇ လုံး တည်ဆောက်ရန် မြေနေရာများဖော်ထုတ်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၂ ခုနှစ်၊ ဇွန်လကုန်အထိ တစ်နှစ်နှင့် သုံးလတာကာလအတွင်း အိမ်ထောင်စု ၈,၈၆၂ စု၊

လူဦးရေ ၄၀,၉၀၃ ဦးတို့ကို မူလနေရာများသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ကြောင်း၊ လာမည့်ပွင့်လင်းရာသီတွင် IDP နှင့် တိုက်ပွဲရှောင်များကို မူလနေရပ်ပြန်လည်ပို့ဆောင်နိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

အမျိုးသားအဆင့်ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု၊ IDP Camp များနှင့် တိုက်ပွဲရှောင်စခန်းများတွင် အချက်အလက်ကောက်ယူခြင်းနှင့် လူမှုရေးဆိုင်ရာပံ့ပိုးမှု၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် လတ်တလောဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ နေရပ်စွန့်ခွာသူများနှင့် ဘေးသင့်ပြည်သူများအတွက် လတ်တလောလိုအပ်သည်များ ထောက်ပံ့ကူညီပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်အဆင့်ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၄-၈-၂၀၂၂)**

- **ကချင်ပြည်နယ်တွင် တိုက်ပွဲရှောင်များပြန်လည်နေရာချထားရေးအတွက် စုစုပေါင်းနေအိမ် ၇၀၈ လုံး ဆောက်လုပ်ပြီးစီးခဲ့။**
- **ကရင်ပြည်နယ်၊ လှိုင်းဘွဲ့နှင့် မြိုင်ကြီးငူဒေသရှိ စခန်းနှစ်ခုပိတ်သိမ်းကာ အိမ်ထောင်စု ၄၆၃ စုကို ပြန်လည်နေရာချထားပေးနိုင်ခဲ့။**
- **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၌ အိမ်ထောင်စု ၈၉၁ စုအတွက် ငွေကျပ် ၄၁၈ သန်းကျော်ထောက်ပံ့၍ နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိပြီး ထပ်မံ၍ အိမ်ထောင်စု ၅၀၀ အတွက် ငွေကျပ် ၂၃၆ သန်းကျော် ထောက်ပံ့ပြီး ပြန်လည်ပို့ဆောင်ရန် စီစဉ်ထားရှိ။**
- **ရခိုင်ပြည်နယ်တွင် စုစုပေါင်းအိမ်ထောင်စု ၇၇၃ စုတို့ကို နေအိမ်များ ပြန်လည်တည်ဆောက်ပြုပြင်၍ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆေးပေးခန်းနှင့် စာသင်ကျောင်းများဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့။**
- **ရှမ်းပြည်နယ်၌ မီးလောင်ပျက်စီးသောနေအိမ် ၁၂၇ လုံးအတွက် သတ်မှတ်နှုန်းထားများအလိုက် ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး တန်ဖိုးနည်းနေအိမ် ၅၇ လုံး တည်ဆောက်ရန် မြေနေရာများဖော်ထုတ်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့။**
- **၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၂ ခုနှစ်၊ ဇွန်လကုန်အထိ တစ်နှစ်နှင့် သုံးလတာကာလအတွင်း အိမ်ထောင်စု ၈,၈၆၂ စု၊ လူဦးရေ ၄၀,၉၀၃ ဦးတို့ကို မူလနေရာများသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့၊ လာမည့်ပွင့်လင်းရာသီတွင် IDP နှင့် တိုက်ပွဲရှောင်များကို မူလနေရပ်ပြန်လည်ပို့ဆောင်နိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြရန်လိုအပ်။**

## ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားများကို ဩဂုတ်လ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ခဲ့ရာ ပြည်မြို့မှ PDF အဖွဲ့ဝင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး လက်နက်ခဲယမ်းများကို လွှဲပြောင်းရယူကာ ထောက်ပံ့ငွေများ အသီးသီးပေးအပ်ပြီးနောက် ၎င်းတို့၏အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားရာ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်မှ ဩဂုတ်လ ၆ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၁၉၅ ဦးနှင့် အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၂၄၇ ဦးရှိပြီဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၈-၂၀၂၂)**

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ ပြည်မြို့မှ PDF အဖွဲ့ဝင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်မှ ဩဂုတ်လ ၆ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၁၉၅ ဦးနှင့် အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၂၄၇ ဦးရှိပြီဖြစ်။**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ လေးလတာကာလအတွင်း ပျားရည် မက်ထရစ်တန်ချိန် ၆၉၁ ဒသမ ၃၄ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၇ သန်း ရရှိခဲ့။
- ပြည်တွင်း၌ တစ်နှစ်လျှင် ပျားရည်မက်ထရစ်တန် ၆,၀၀၀ ဝန်းကျင်အထိ ထွက်ရှိရာ ပြည်ပသို့ နှစ်စဉ် မက်ထရစ်တန် ၃,၀၀၀ ဝန်းကျင် တင်ပို့လျက်ရှိ။
- ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ လေးလတာကာလအတွင်း ပုစွန်တန်ချိန် ၄,၈၈၆ ဒသမ ၆၅၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၁၁ သန်း ကျော်ရရှိခဲ့။
- ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပုစွန်တန်ချိန် ၁,၆၅၆ ဒသမ ၉၉၅ တန် ပိုမိုတင်ပို့နိုင်ကာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇၈ သန်း ပိုမိုရရှိခဲ့။

ယခုနှစ်တွင် နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးသင်္ဘောအစင်းရေ ၅၀ ကျော်အထိ လစဉ်တိုးမြှင့်ဆိုက်ကပ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ယခုလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘောကြီး ၅၅ စင်းဆိုက်ကပ်ကုန်သွယ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၈-၂၀၂၂)**

- **ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ လေးလတာကာလအတွင်း ပျားရည်မက်ထရစ်တန်ချိန် ၆၉၁ ဒသမ ၃၄ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၇ သန်း ရရှိခဲ့။**
- **ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ လေးလတာကာလအတွင်း ပုစွန်တန်ချိန် ၄,၈၈၆ ဒသမ ၆၅၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၁၁ သန်းကျော် ရရှိခဲ့ကာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပုစွန်တန်ချိန် ၁,၆၅၆ ဒသမ ၉၉၅ တန်ပိုမိုတင်ပို့နိုင်ကာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇၈ သန်း ပိုမိုရရှိခဲ့။**
- **ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ယခုလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘောကြီး ၅၅ စင်း ဆိုက်ကပ်ကုန်သွယ်မည်ဖြစ်။**

# မြို့နယ်အချို့ရှိ PDF အကြမ်းဖက်သမားများက ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အကြမ်းဖက်သမားများသည် အနာဂတ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့အား အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်းစသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိပါသည်။

ဩဂုတ်လ ၂ ရက်တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရှိ တုံးမဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အထွေထွေဝန်ထမ်း ဦးဗဒူ(၅၀)နှစ်သည် အဆိုပါကျောင်း၌ ပညာသင်ကြားနေသည့် ရီးမဝကျေးရွာမှ ကျောင်းသူ၊ ကျောင်းသား ၇ ဦးတို့အား ၎င်းမောင်းနှင်သည့် စက်လှေဖြင့်တင်ဆောင်၍ ရီးမဝကျေးရွာသို့ လိုက်ပါပို့ဆောင်ရာ ရီးမဝကျေးရွာသို့ မရောက်မီ ၂ ဖာလုံခန့်အကွာ၌ ကုလားတန်မြစ်၏ ညာဘက်မြစ်ကမ်းပေါ်မှ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပါသည်။

အဆိုပါပစ်ခတ်မှုကြောင့် စက်လှေမောင်းနှင်လာသည့် ဦးဗဒူတွင် ဝဲလက်ကောက်ဝတ်နှင့် လည်ပင်းကျည်ရှပ်ထိဒဏ်ရာ ၁ ချက်၊ မခင်သီတာ (၁၄) နှစ် (ဘ) ဦးတနလ်ာ၏ ဝဲ/ယာ ခြေထောက်နှစ်ချောင်း၌ ကျည်ထိမှန်ဒဏ်ရာများ၊ မောင်အောင်လင်းဝင်း (၁၁) နှစ် (ဘ) ဦးလင်းအောင်တွင် ကျောကျည်ရှပ်ထိဒဏ်ရာ ၁ ချက်တို့ရရှိခဲ့ပြီး မောင်နေမင်းထွန်း (၁၁)နှစ်(ဘ) ဦးအောင်ဖာနှင့် မောင်သန်းမြင့်(၁၁)နှစ် (ဘ) ဦးထွန်းလှအောင်တို့ ၂ ဦးတွင် နောက်ကျောကျည်ထိမှန်ဒဏ်ရာအသီးသီးရရှိကာ သေဆုံးခဲ့ပါသည်။

၎င်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၈-၂၀၂၂)**



**အကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် မခင်သီတာနှင့် မောင်အောင်လင်းဝင်း**



**အကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဦးဗဒူ**

- ဩဂုတ်လ ၂ ရက်တွင် အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပလက်ဝမြို့နယ်ရှိ တုံးမဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အထွေထွေဝန်ထမ်း ဦးဗဒူ၊ မခင်သီတာ (၁၄) နှစ်နှင့် မောင်အောင်လင်းဝင်း (၁၁)နှစ်တို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး မောင်နေမင်းထွန်း(၁၁)နှစ်နှင့် မောင်သန်းမြင့်(၁၁)နှစ်တို့တွင် နောက်ကျောကျည်ထိမှန်ဒဏ်ရာအသီးသီးရရှိကာ သေဆုံးခဲ့။

## မြိုင်မြို့နယ်၊ တွင်းမကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မီးရှို့ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရ



မြိုင်မြို့နယ်၊ တွင်းမကျေးရွာတွင် PDF အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်စီးခဲ့မှု

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ တွင်းမကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမား ၂၀ ဦးခန့်သည် ဩဂုတ်လ ၆ ရက် နံနက်ပိုင်းတွင် ဝင်ရောက်ခဲ့ကာ ကျေးရွာအတွင်းရှိ ဦးသာဘို၏နေအိမ်ခြံဝန်းအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်တိုက်ခိုက်မီးရှို့ခဲ့ခြင်းကြောင့် ဦးသာဘို၏နေအိမ်တွင် လာရောက်တည်းခိုနေထိုင်လျက်ရှိသည့် အသက် ၂ နှစ်အရွယ် ကလေးငယ် ၁ ဦး၊ အသက် ၅ နှစ်အရွယ် ကလေးငယ် ၁ ဦး၊ အလယ်တန်းပြဆရာမ ၁ ဦး အပါအဝင် အမျိုးသား ၇ ဦး၊ အမျိုးသမီး ၄ ဦး၊ စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၇ ဦး၊ အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် ကျေးရွာတွင် နေထိုင်သည့် အမျိုးသား ၂ ဦးအား သတင်းပေးဒလန်ဟုစွပ်စွဲ၍ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည့် ပြည်သူများ၏ ပြောကြားချက်များအရ-

- အကြမ်းဖက်သမားများက ၎င်းတို့၏ မှတ်ပုံတင်တစ်ချို့နှင့် ဆိုင်ကယ်များအား မီးရှို့ခဲ့ကြောင်း၊ အကြမ်းဖက်သမားများက စက်သေနတ်ဖြင့် မဆင်မခြင် ပစ်ခတ်သည့်အတွက် လူကြီး၊ ကလေးများအားလုံး အိမ်ရှေ့သို့ ထွက်လာကြပြီး "လူကြီးများကို သတ်ချင်သတ်ပါ၊ ကလေးများကို ချမ်းသာပေးပါ" ဟု တောင်းပန်ခဲ့သော်လည်း အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း။
- ၁ နှစ်ခွဲခန့်သာ ရှိသေးသည့် လူမမယ်ကလေးငယ်နှင့် မသန်စွမ်းကလေးငယ်တို့ ၂ ဦးကိုလည်း လူသားချင်းစာနာမှုကင်းမဲ့စွာ ရက်ရက်စက်စက် သတ်ဖြတ်ရန် ကြိုးပမ်းခဲ့ကြောင်း။





**မြိုင်မြို့နယ်၊ တွင်းမကျေးရွာတွင် PDF အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မီးရှို့ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ငွေများပေးအပ်နေမှု**

PDF အကြမ်းဖက်အဖွဲ့များသည် ငါနှင့်မတူ ငါ့ရန်သူ ဟူသည့် တစ်ဖက်သတ်အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အေးချမ်းစွာနေထိုင်ကြသော အပြစ်မဲ့ပြည်သူများ၊ မိမိနှင့် အမြင်မတူသူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့ရက်စက်ယုတ်မာစွာ လုပ်ကြံနေမှုများကို ပြည်သူတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိပြီး ၎င်းအကြမ်းဖက်သမားများ အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် လိုလားလျက်ရှိပါသည်။

ဖြစ်စဉ်ဖြစ်ပွားရာကျေးရွာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက် စစ်ဆေးဖော်ထုတ်လျက်ရှိပြီး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးကာ ဒဏ်ရာရရှိသူများအား ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိပါသည်။ ထို့ပြင် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့က ထောက်ပံ့သည့် ထောက်ပံ့ငွေများအား တစ်ဦးချင်းလိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၈-၂၀၂၂)**

- PDF အကြမ်းဖက်သမား ၂၀ ဦးခန့်သည် မြိုင်မြို့နယ်၊ တွင်းမကျေးရွာအတွင်းသို့ ဝင်ရောက်၍ ကျေးရွာအတွင်းရှိ နေအိမ်ခြံဝန်းတစ်ခုအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် အသက် ၂ နှစ်အရွယ် ကလေးငယ် ၁ ဦး၊ အသက် ၅ နှစ်အရွယ် ကလေးငယ် ၁ ဦး၊ အလယ်တန်းပြဆရာမ ၁ ဦး အပါအဝင် အရပ်သားပြည်သူ ၁၁ ဦးသေဆုံးခဲ့ပြီး အရပ်သားပြည်သူ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အမျိုးသား ၂ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့။

## ပြည်မြို့နယ်၊ မော်ဇာရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မော်ဇာ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်တစ်ဦးအား အကြမ်းဖက်တိုက်ခိုက်

အကြမ်းဖက်အဖွဲ့များအနေဖြင့် အမှားအမှန်ခွဲခြားသိမြင်နိုင်မှု နည်းပါးသေးသည့် အသက်ငယ်ရွယ်သူများကို ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ စည်းရုံးမက်လုံးပေးသိမ်းသွင်းခြင်းများပြုလုပ်၍ အကြမ်းဖက်လုပ်ရပ်များကို စေခိုင်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ မော်ဇာရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မော်ဇာတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိစဉ် မော်ဇာရွာမကျေးရွာနေ အောင်မြင့်မြတ် (၁၄)နှစ်က အရိုး ၃ လက်မခန့်၊ အသွား ၈ လက်မခန့်၊ အနံ ၁ ဒသမ ၅ လက်မခန့်ရှိ စကေဘာဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား နောက်ကျောမှနေ၍ အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ အနက် ၃ လက်မခန့် ထိုးသွင်းဒဏ်ရာရရှိခဲ့ပါသည်။ ကျန်လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်တိုက်ခိုက်သူအား ဖမ်းဆီးစဉ် ခုခံထွက်ပြေးသွားသဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာကျောင်း၏ အနောက်ဘက် မီတာ ၁၀၀ ခန့် အကွာ၌ ဒဏ်ရာနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖြစ်စဉ်တွင် ဒဏ်ရာရလုံခြုံရေးတပ်ဖွဲ့ဝင်နှင့် အကြမ်းဖက်သူတို့အား တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး အကြမ်းဖက်တိုက်ခိုက်သူအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ အထက်ပါဖြစ်စဉ်မျိုး ထပ်မံမဖြစ်စေရေးအတွက် အုပ်ထိန်းသူ မိဘ၊ ဆရာများက မိမိရင်သွေးငယ်များ လမ်းမှားပေါ်မရောက်ရှိစေရေး ဝိုင်းဝန်းတားဆီးဆောင်ရွက်ရန်လိုအပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၈-၂၀၂၂)**



လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတွင် ဒဏ်ရာရရှိခဲ့မှု



အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် အောင်မြင့်မြတ်(၁၄ နှစ်)



သိမ်းဆည်းရမိ စကေဘာအား တွေ့ရစဉ်

- **ပြည်မြို့နယ်၊ မှော်ဇာရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှော်ဇာတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား မှော်ဇာရွာမကျေးရွာနေ အောင်မြင့်မြတ်(၁၄)နှစ်က အရိုး ၃ လက်မခန့်၊ အသွား ၈ လက်မခန့်၊ အနံ ၁ ဒသမ ၅ လက်မခန့်ရှိ စကေဘာဖြင့် နောက်ကျောမှနေ၍ အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ အနက် ၃ လက်မခန့် ထိုးသွင်းဒဏ်ရာရရှိခဲ့။**

## မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမားများအား ဖော်ထုတ်ဖမ်းဆီးရမိ

NUG အကြမ်းဖက်အဖွဲ့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အများပြည်သူပိုင်အဆောက်အဦများအား အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်းအား မလိုလားသော ပြည်သူများ၏သတင်းပေး ပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့က မင်္ဂလာဒုံမြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမားများဖြစ်သော ဇေယျာဝင်း(၂၀)နှစ်၊ နိုင်အောင်ထွန်း(ခ)ဒသာ(၁၉)နှစ်၊ ရဲဇော်လင်း(ခ) စကိတ်(၂၂)နှစ်၊ တင်ကိုကို(၅၆)နှစ်၊ အောင်ကိုကို(၂၅)နှစ်နှင့် တရားခံများအား ထွက်ပြေးတိမ်းရှောင်နိုင်ရန် ကူညီပေးခဲ့သည့် ခင်မြ(ခ)ခင်ဌေး(၅၅)နှစ်၊ တင်တင်မော် (၄၅) နှစ်၊ သင်းရနံ့လှိုင်(ခ)ဖြူဖွေး(၁၆)နှစ်တို့ ၈ ဦးအား မှော်ဘီမြို့နယ်၊ ရွှေမြယာကျေးရွာအုပ်စု၊ (၁)ရပ်ကွက်၊ နှင်းဆီလမ်းရှိ နေအိမ် ၁ လုံး၌ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ-

- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တရားခံ နိုင်အောင်ထွန်း (ခ)ဒသာ၊ ရဲဇော်လင်း (ခ)စကိတ်၊ အောင်ကိုကိုနှင့် ဖမ်းဆီးရန်ကျန် တရားခံ စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ) ဆံရှည်တို့ ၅ ဦးသည် မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာနေ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး အုန်းဇော်မြင့်၏ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ(၆)နယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း ၁ လ တက်ရောက်ခဲ့ကြောင်း။
- အကြမ်းဖက်သင်တန်းဆင်းပြီးနောက် နိုင်အောင်ထွန်း(ခ) ဒသာ၊ ရဲဇော်လင်း(ခ) စကိတ်၊ အောင်ကိုကို၊ စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ)ဆံရှည်တို့သည် NLD ရပ်/ကျေး ဥက္ကဋ္ဌ တရားခံပြေး အုန်းဇော်မြင့်နှင့် တင်ကိုကိုတို့၏ စီစဉ်ပေးမှုဖြင့် မှော်ဘီမြို့နယ်၊ ရွှေမြယာကျေးရွာအုပ်စု၊ (၁)ရပ်ကွက်၊ နှင်းဆီလမ်းရှိ နေအိမ် ၁ လုံးအား ငှားရမ်းနေထိုင်ကာ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်၍ အုပ်ချုပ်ရေးယန္တရား၏ အဓိကဒေါက်တိုင်ဖြစ်သော ရပ်/

ကျေးအဆင့် အုပ်ချုပ်ရေးမှူးများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း။

- ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး အုန်းဇော်မြင့် ခေါင်းဆောင်၍ ဖေယျာဝင်း၊ နိုင်အောင်ထွန်း(ခ)ဒဿ၊ အောင်ကိုကိုနှင့် ဖမ်းဆီးရန်ကျန် တရားခံ စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ)ဆံရှည်တို့ ၆ ဦးသည် မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်ဟေမာလွင်တို့အား ကလေးများကျောင်းပို့ချိန်တွင် လုပ်ကြံသတ်ဖြတ်ရန် Signal မှ တစ်ဆင့် တွေ့ဆုံ၍ လုပ်ကြံရေးအစီအစဉ်များရေးဆွဲခဲ့ပြီး တာဝန်ခွဲဝေခဲ့ကြောင်း။
- ဩဂုတ်လ ၂ ရက် ၀၈၀၀ နာရီခန့်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဇနီးတို့သည် ကလေးငယ် ၂ ဦးအား ကျောင်းပို့ရန် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် အုပ်ချုပ်ရေးမှူး၏နေအိမ်အနီး ကွမ်းယာဆိုင်ရှေ့၌ ဖေယျာဝင်းမှ မော်တော်ယာဉ်ရှေ့သို့ လက်လုပ်မိုင်း ၁ လုံး ပစ်ခတ်ဖောက်ခွဲ၍ ရပ်တန့်စေခဲ့ပြီး နိုင်အောင်ထွန်း(ခ)ဒဿမှ ဒေါ်ဟေမာလွင်အား လည်းကောင်း၊ စိုးမင်းစံမှ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းအားလည်းကောင်း ပစ္စတိုဖြင့် ၅ ချက်စီ မသေမချင်း ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။
- ဖေယျာဝင်းသည် ကားနောက်ခန်းတွင် လိုက်ပါလာသည့် ကလေးငယ် ၂ ဦးအား အသက်ရှင်လျက်တွေ့ရှိရသောကြောင့် ရက်စက်ယုတ်မာသော အကြံအစည်ဖြင့် Remote လက်လုပ်မိုင်း ၁ လုံးအား ကားအတွင်း၌ထား၍ ဖောက်ခွဲရန်စီစဉ်ခဲ့ကြောင်း။
- ထိုကဲ့သို့ ဖောက်ခွဲရန်စီစဉ်ခဲ့သော်လည်း ဖြစ်စဉ်ဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ကားအတွင်းမှ Remote လက်လုပ်မိုင်းအား သက်မဲ့ပြုလုပ်နိုင်ခဲ့သဖြင့် ကလေးငယ် ၂ ဦးအား အချိန်မီကယ်တင်နိုင်ခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့။
- အောင်ကိုကိုမှ အုပ်ချုပ်ရေးမှူး၏ နေအိမ်အား လက်လုပ်မိုင်း ၁ လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး အဆိုပါလုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်အား ချစ်ဖြိုးဝေ(ခ) ဆံရှည်မှ ဖုန်းဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ကာ ၎င်းတို့ငှားရမ်းနေထိုင်သည့် နေအိမ်သို့ ထွက်ပြေးတိမ်းရှောင်စဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး အုန်းဇော်မြင့်၏ စေခိုင်းမှုဖြင့် မင်္ဂလာဒုံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု (၂) ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြရတနာရပ်ကွက်၊ နှင်းဆီပတ်လမ်း၌ အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် ရာအိမ်မှူး ဦးရဲသွင်တို့ ၂ ဦးအား ဖေယျာဝင်းနှင့် ဖမ်းဆီးရန်ကျန် တရားခံ အာကာဝင်း၊ မင်းမင်းဇော်၊ ကိုတူး(ခ)သားကြီးတို့က ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာ ဦးနေလင်း သေဆုံးခဲ့ပြီး ဦးရဲသွင်မှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဂူကြီးကုန်းကျေးရွာရှိ ရွာလယ်လမ်းမပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် ကောင်းမြင့်ဝင်း(ခ)ကိုနီအား ဒလန်ဟုစွပ်စွဲကာ ဖေယျာဝင်းနှင့် ဖမ်းဆီးရန်ကျန် တရားခံ အာကာဝင်းတို့က ဆိုင်ကယ် ၁ စီးဖြင့် အနောက်မှလိုက်၍ ပစ္စတိုဖြင့် ပစ်ခတ်ခဲ့ပြီး ဆိုင်ကယ်တိမ်းမှောက်စဉ် ကောင်းမြင့်ဝင်း(ခ)ကိုနီအား ဝါးရင်းတုတ်ဖြင့် မသေမချင်း ရိုက်သတ်ခဲ့ကြောင်း။
- အဆိုပါအပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ကုန်းတလပေါင်ကျေးရွာ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး အုန်းဇော်မြင့်က စေခိုင်းခဲ့ခြင်းဖြစ်ပြီး အုပ်ချုပ်ရေးမှူး ဦးနေလင်းအား လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၃၀,၀၀၀၊ ကောင်းမြင့်ဝင်း(ခ)ကိုနီအား လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၅၀,၀၀၀ နှင့် အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်ဟေမာလွင်တို့အား လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၁၂၀,၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် လက်နက်/ခဲယမ်းများကိုလည်း ငှားရမ်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရ။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၈-၂၀၂၂)**

# နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမားများအား ဖော်ထုတ်ဖမ်းဆီးရမိမှု

## လုပ်ကြံသတ်ဖြတ်ရန်စေခိုင်းသူ



တရားခံပြေး အုန်းဇော်မြင့်
(NLD ရပ်/ကျေးဥက္ကဋ္ဌ)

## မင်္ဂလာဒုံမြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးသမားများ



နိုင်အောင်ထွန်း(ခ)ဒဿ
(ပစ္စတိုဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သူ)



ဇေယျာဝင်း (ကားအတွင်း
လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သူ)



အောင်ကိုကို(အုပ်ချုပ်ရေးမှူး၏ နေအိမ်အား
လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သူ)



ရဲဇော်လင်း(ခ)စကိတ်
(လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့ဝင်)



တင်ကိုကို
(လုပ်ကြံသတ်ဖြတ်ရေးသမားများ
တိမ်းရှောင်ရန်နေရာစီစဉ်ပေးခဲ့သူ)

## အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများတွင် အားပေးကူညီသူများ



ခင်မြ(ခ)ခင်ငွေး



တင်တင်မော်



သင်းရနံ့လှိုင်(ခ)ဖြူဖွေး

## မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမားများကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ



ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်း(သေဆုံး)



ဒေါ်ဟေမာလွင်(သေဆုံး)





ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးဦးဝင်းနိုင်ထွန်းနှင့် ဇနီးတို့အား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြရတနာရပ်ကွက်၌ အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေလင်း



၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြရတနာရပ်ကွက်၌ အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ရာအိမ်မှူး ဦးရဲသွင်



၂၀၂၂ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဂူကြီးကုန်းကျေးရွာ၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ကောင်းမြင့်ဝင်း(ခ)ကိုနီ

- လုံခြုံရေးပူးပေါင်းအဖွဲ့က မင်္ဂလာဒုံမြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမား ၈ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့။
- ဖမ်းဆီးရမိတရားခံများသည် NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး အုန်းဇော်မြင့်၏ စေခိုင်းမှုဖြင့် မင်္ဂလာဒုံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု (၂)ကြိမ် ကျူးလွန်ခဲ့။
- အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ကုန်းတလပေါင်ကျေးရွာ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး အုန်းဇော်မြင့်က စေခိုင်းခဲ့ခြင်းဖြစ်ပြီး ငွေကြေးများထောက်ပံ့ကာ လိုအပ်သည့် လက်နက်/ခဲယမ်းများကိုလည်း ငှားရမ်းပေးခဲ့။

---

## မြန်မာအမျိုးသမီးများစောင့်ထိန်းအပ်သော မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား လူမှုကွန်ရက်တွင် အခကြေးငွေရယူ၍ ဖြန့်ဝေခဲ့သူ သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့အား ဥပဒေအရ အမှုဖွင့်အရေးယူ

မြန်မာအမျိုးသမီးများ စောင့်ထိန်းအပ်သော မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား လူမှုကွန်ရက်တွင် အခကြေးငွေရယူ၍ ဖြန့်ဝေလျက်ရှိသည့် သင်ဇာဝင့်ကျော်(ခ)သင်ဇာနှင့် နန်းမွေစံတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာက စိစစ်ဖော်ထုတ်မှုများပြုလုပ်ခဲ့ပါသည်။

- သင်ဇာဝင့်ကျော်သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှစ၍ အမေရိကန်နိုင်ငံတွင် နေထိုင်သည့် Mr. Rafal ဦးစီးလုပ်ကိုင်လျက်ရှိသော ညစ်ညမ်း Website ဖြစ်သည့် Exantria Website တွင် Thin Zar Wint Kyaw အမည်ဖြင့် အကောင့်ဖွင့်လှစ်ကာ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား Post တင်၍ အခကြေးငွေရယူခဲ့ကြောင်း။
- နန်းမွေစံသည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလမှစ၍ Mr. Rafal ဦးစီးလုပ်ကိုင် ဖွင့်လှစ်ပေးသည့် Onlyfans Website တွင်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှစ၍ Exantria Website တွင်လည်းကောင်း Nang Mwe San အမည်ဖြင့် အကောင့်ဖွင့်လှစ်ကာ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား Post တင်၍ အခကြေးငွေရယူခဲ့ကြောင်း။
- စိစစ်ချက်များအရ Exantria Website သို့ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များ အခကြေးငွေရယူကာ လူမှုကွန်

ရက်၌ ဖော်ပြနေသူများတွင် သင်ဇာဝင့်ကျော်နှင့် နန်းမွေစံ တို့အပြင် အချို့သော လိင်အသားပေးမော်ဒယ်များလည်း ပါဝင်လုပ်ကိုင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရ။

သို့ဖြစ်၍ မြန်မာအမျိုးသမီးများစောင့်ထိန်းလိုက်နာအပ်သော ဟိရိဩတ္တပ္ပတရားကင်းမဲ့စွာဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေပြီး မြန်မာအမျိုးသမီးများအား ကမ္ဘာ့အလယ်တွင် အထင်အမြင်သေးစေနိုင်သည့် လိင်အသားပေးဓာတ်ပုံနှင့် ဗွီဒီယိုဖိုင်များအား အခကြေးငွေရယူ၍ ဖြန့်ဝေခဲ့သူ သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့ ၂ ဦးကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ-၃၃(က)အရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိကြောင်းနှင့် မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေပြီး မြန်မာအမျိုးသမီးများ၏ အရှက်နှင့်ဂုဏ်သိက္ခာကို ညှိုးနွမ်းစေမည့်ကိစ္စရပ်မျိုး လုပ်ဆောင်လျက်ရှိသူများအား စိစစ်ဖော်ထုတ်၍ ဥပဒေအရထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၈-၂၀၂၂)**



**သင်ဇာဝင့်ကျော်(ခ)သင်ဇာ**



**နန်းမွေစံ**

- **မြန်မာ့ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေပြီး မြန်မာအမျိုးသမီးများအား ကမ္ဘာ့အလယ်တွင် အထင်အမြင်သေးစေနိုင်သည့် လိင်အသားပေးဓာတ်ပုံနှင့် ဗွီဒီယိုဖိုင်များအား အခကြေးငွေရယူ၍ဖြန့်ဝေခဲ့သူ သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့ ၂ ဦးကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ-၃၃(က) အရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိ။**